
# စစ်အာဏာသိမ်းပြီးနောက်ပိုင်း မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေ အပတ်စဉ်ထုတ်ပြန်ချက်

၂၀၂၁ ခုနှစ် ဒီဇင်ဘာလ ၂၀ ရက်နေ့မှ ၂၆ ရက်နေ့အထိ



**၁၃၇၅+**
သတ်ဖြတ်ခံရ

**၁၁၂၀၂+**
ဖမ်းဆီးခံခဲ့ရ

**၈၂၅၄+**
ချုပ်နှောင်ခံထားရဆဲ

**၁၉၆၄+**
ဖမ်းဝရမ်းထုတ်ခံရ

လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ)

# အကျဉ်းချုပ်

အားလပ်ရာသီကာလတွင် မြန်မာပြည်သူများသည် ဇာတိမြေတွင် ငြိမ်းချမ်းရေးနှင့် အကာအကွယ်များမရရှိကြပေ။ တိုင်းပြည်တဝှမ်း အကြမ်းဖက်စစ်တပ်သည် အရပ်သားပြည်သူများကို မတရားဖမ်းဆီးခြင်း၊ ပြန်ပေးဆွဲခြင်း ၊ ညှဉ်းပမ်းနှိပ်စက်ခြင်းနှင့် သတ်ဖြတ်ခြင်းအားဖြင့် အကြမ်းဖက်လုပ်ရပ်များကို ဆက်လက်လုပ်ဆောင်နေသည်။ မည်သူမျှလုံခြုံသည်ဟု မခံစားရပါ။

ကရင်ပြည်နယ်တွင် ဒီဇင်ဘာလ ၁၅ ရက်နေ့ကတည်းမှ စတင်၍ အာဏာသိမ်းစစ်တပ်နှင့် ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် KNLA ကြားတိုက်ပွဲများ ပြင်းထန်နေသည်။ လေကြောင်းနှင့် မြေပြင်တွင် ညှာတာမှုမရှိသော ထိုးစစ်ဆင်တိုက်ခိုက်မှုများကြောင့် ကရင်ပြည်နယ် လေးကေကော်ဒေသမှ ပြည်သူ ၁၀၀၀၀ ကျော် ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။ နောက်ထပ် ထိုးစစ်ဆင်တိုက်ခိုက်နိုင်မှုများမှ လွတ်မြောက်ရန် ထွက်ပြေးတိမ်းရှောင်ရသော ဒေသခံပြည်သူများသည် စားနပ်ရိက္ခာ၊ အမိုးအကာများ၊ အနွေးထည်နှင့် ခိုလှုံရန် နေရာများ အရေးပေါ်လိုအပ်လျက်ရှိသည်။

ကရင်လူ့အခွင့်အရေးအဖွဲ့များ၏အဆိုအရ ကရင်အမျိုးသားအစည်းအရုံး KNU အုပ်ချုပ်မှုအောက်ရှိလေးကေ့ကော်မြို့သစ်ကို အကြမ်းဖက်စစ်တပ်မှ စီးနင်းဝင်ရောက်ခဲ့ပြီး လာရောက်ခိုလှုံကြသော လွတ်တော်အမတ်နှင့် လူ့အခွင့်အရေးတက်ကြွလှုပ်ရှားသူများအပါအဝင် လူပေါင်း တစ်ဒါဇင်ကျော် အားဖမ်းဆီးပြီးနောက် တင်းမာမှုများမြင့်တက်လာခဲ့ခြင်းဖြစ်သည်။ KNU မှ ၎င်းတို့၏ လူမျိုးနှင့်ရပ်ရွာကို ခုခံကာကွယ်ရန်အတွက် ဖြောင့်မတ်စွာ ကြားဝင်ဆောင်ရွက်ပေးခြင်းကို အကြမ်းဖက်စစ်တပ်မှ လေးကေကော်မြို့ထဲ့သို့ လက်နက်ကြီး ၁၀၀ ကျော်ခန့်အား ရမ်းသမ်းပစ်ခတ်ခြင်းဖြင့် တုန့်ပြန်ခဲ့သည်။ အဆောက်အဦးနှင့် လူနေအိမ်များ စွာ ပျက်ဆီးဆုံးရှုံးခဲ့ရသည်။

ND–Burma ၏ အဖွဲ့ဝင်အဖွဲ့အစည်း ဖြစ်သော မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း HURFOM ၏ အဆိုအရ ဒီဇင်ဘာလ ၁၅ ရက်ကတည်းမှ စတင်၍ လူပေါင်း ၆၇၀၀ ထွက်ပြေးတိမ်းရှောင်ခဲ့ရပြီး လူပေါင်း ၄၀၀၀ ကျော်မှာ ထိုင်းနိုင်ငံအတွင်းသို့ ခိုလှုံနေရသည်။ လက်ရှိတိုက်ပွဲဖြစ်ပွားနေသော ကရင်ပြည်နယ်၊ လေးကေကော်မြို့နှင့် ပတ်ဝန်းအပါအဝင် တိုင်းရင်းသားဒေသများအားလုံးကို “လေကြောင်းပျံသန်းမှု ကင်းမဲ့ဇုံ” သတ်မှတ်ပေးရန် UN အား HURFOM မှတောင်းဆိုခဲ့သည်။ ထိုင်းနိုင်ငံအတွင်းနှင့် ထိုင်းနယ်စပ်တစ်လျှောက်ထွက် ပြေးတိမ်းရှောင်သူများအား လူသားချင်းစာနာမှု အကူအညီနှင့်အကာအကွယ်များ ထိုင်းနိုင်ငံမှ အရေးပေါ် အကူအညီပေးရန်လိုသည်။

၎င်းကဲ့သို့ တိုက်ခိုက်မှုများသည် စစ်ရာဇဝတ်မှုများနှင့် လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများမြောက်သည့်အပြင် ၂၀၁၂ ခုနှစ် အပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ်ကို ချိုးဖောက်ခြင်းလည်း ဖြစ်သည်။ အပစ်အခတ်ရပ်စဲရေး ပျက်ပြယ်သွားခြင်းသည် အံ့သြစရာတော့ မဟုတ်ပေ။ မြန်မာစစ်တပ်သည် ၎င်းတို့၏ ကိုယ်ပိုင် ရင်းနှီးမြုပ်နှံမှု အကျိုးစီးပွားအတွက် သဘောတူညီချက်များကို ပုံမှန် ချိုးဖောက်လေ့ရှိပြီး ထိုသို့ လုပ်ဆောင်ခြင်းဖြင့် အပစ်အခတ်ရပ်စဲရေးကို ပို၍ ယုံကြည်မှုမရှိရန် လှုံ့ဆော်နေသည်။

အကြမ်းဖက်စစ်တပ်မှ စစ်အင်အားတိုးချဲ့ထားသော ဒေသတွင်နေထိုင်သော အပြစ်မဲ့အရပ်သားများသည် အကြမ်းဖက်စစ်တပ်၏ သတ်ဖြတ်ခြင်းခံရနိုင်မည့် အသက်ဘေး အန္တရာယ်နှင့် ရင်ဆိုင်နေရသည်။ အသက် ၅၆ နှစ်အရွယ် အမျိုးသမီးနှင့် သူမ၏ ခင်ပွန်းတို့သည် တောင်ယာထဲတွင်အလုပ်လုပ်နေစဉ် ခမရ ၁၀၁ မှစစ်သားနှင့် အတူနယ်ခြားစောင့်တပ် BGF စစ်သား ၅ ဦးတို့သည် ရောက်ရှိလာခဲ့သည်။ သူမ၏ ခင်ပွန်းသည် ကြောက်လန့်ပြီး သူမအားတစ်ယောက်ထဲ ချန်ထားကာ ထွက်ပြေးသွားခဲ့သည်။ KNLA စစ်သားများ မည်သည့်နေရာတွင်ရှိကြောင်း မေးမြန်းသောအခါ မသိဘူးဟု ပြန်ဖြေသောကြောင့် နာခေါင်းကျိုးအောင် ရိုက်နက်နှိပ်စက်ခဲ့သည်။ ထို့နောက် သူမ၏ ပါးစပ်တွင်းသို့ သေနတ်ဖြင့်တေ့ကာ ပစ်သတ်ခံခဲ့ရသည့် အမျိုးသမီး၏ ဖြစ်ရပ်ကို ကရင်အမျိုးသမီးအစည်းအရုံးမှ ပြင်းပြင်းထန်ထန်ရှုတ်ချခဲ့သည်။ ဤကဲ့သို့သောဖြစ်ရပ်သည် သီးခြားဖြစ်ရပ်မဟုတ်ဘဲ နိုင်ငံတစ်ဝှမ်းရှိ အမျိုး သမီးများနှင့် အရပ်သားများအပေါ် ချိုးဖောက်မှု မြင့်တက်လာသော ဖြစ်ရပ်များစွာထဲမှ တစ်ခုဖြစ်သည်ဟု KWOမှ ရှင်းပြခဲ့သည်။

ND–Burma အပါအဝင် လူ့အခွင့်အရေးအဖွဲ့များစွာတို့၏ တစ်နှစ်ပတ်လုံး မှတ်တမ်းပြုချက်အရ မြန်မာနိုင်ငံမှ လူ့အခွင့်အရေးချိုးဖောက်မှုများသည် စနစ်ကျ၊ ကျယ်ကျယ်ပြန့်ပြန့်နှင့် ဆက်လက် ဖြစ်ပွားလျက်ရှိသည်။ နိုင်ငံတကာအသိုင်းအဝိုင်း၏ အရေးယူဆောင်ရွက်မှုအားနည်းသောကြောင့် လူ့အခွင့်အရေးချိုးဖောက်မှုများကို အပြစ်ပေးအရေးယူခံရခြင်း မှကင်းလွတ်သည့် သံသရာအတွင်း ရဲရဲတင်းတင်း အဆုံးမရှိ ချိုးဖောက်နေကြသည်။ အကြမ်း ဖက်စစ်တပ်၏ ရမ်းသမ်းပစ်ခတ်သော လူသတ်လက်နက်များ ဝယ်ယူမှုများကို ရပ် တန့်ရန်အတွက် ကမ္ဘာလုံးဆိုင်ရာ လက်နက်တင်ပို့ ရောင်းချမှုကို ပိတ်ဆို့ရေးသည် မရှိမဖြစ် လိုအပ်သည်။ ထို့အပြင် နိုင်ငံတကာ ရာဇဝတ်ခုံရုံးသို့ လွှဲပြောင်းပေးပို့ခြင်းသည် မြန်မာစစ်တပ်အား တရားဥပဒေ အထက်တွင် မည်သူမျှ မရှိစေဘဲ လူ့အခွင့်အရေး ချိုးဖောက်သူများသည် တာဝန်ခံရမည်ဟူသော ပြတ်သားသည့် သတင်းစကား ပေးပို့နိုင်မည် ဖြစ်သည်။

# တိုင်းရင်းသားဒေသများရှိ ပဋိပက္ခများ



## ချင်းပြည်နယ်

ချင်းလူ့အခွင့်အရေးအဖွဲ့ CHRO မှ ထိုးစစ်ဆင်တိုက်ခိုက်မှုများ ဆက်လက် ဖြစ်ပွားနေကြောင်း သတင်းထုတ်ပြန်ထားသည်။ ဖေဖော်ဝါရီလ ၁ ရက်နေ့ကတည်းမှ စတင်၍ နွေဦးတော်လှန်ရေးအတွက် မျိုးဆက်သစ်လူငယ်များနှင့် ရဲရင့်သော လှုပ်ရှားမှုအသစ်များ ထွက်ပေါ်လာခဲ့ခြင်းသည် ခုခံတော်လှန်ရေးလှုပ်ရှားမှုကို အားကောင်းစေခဲ့သည်။ ဘာသာရေး အဆောက်အဦးများ ဆက်လက်ပစ်မှတ်ထားတိုက်ခိုက်ခံနေရပြီး အထူးသဖြင့် ချင်းလူမျိုးအများစုကိုးကွယ်သည့် ခရစ်ယာန်ဘာသာဝင်များ၏ ဘုရားကျောင်းများ တိုက်ခိုက်ခံနေရသည်။ CHRO ၏ သတင်းထုတ်ပြန်ချက်အရ ခရစ္စမတ် အကြိုနေ့တွင် အကြမ်းဖက်စစ်တပ်မှ ဗျူဟာမြောက် ကင်းစခန်းအဖြစ် ပြောင်းလဲခဲ့သည့်

ဆုတောင်းတောင်သို့သွားကြသော အသက် ၁၆ နှစ်နှင့် ၁၈ နှစ်အရွယ် လူငယ်နှစ်ဦးသည် အကြမ်းဖက်စစ်တပ်၏ ဖမ်းဆီးခြင်းကိုခံခဲ့ရသည်။ ဖမ်းဆီးခေါ်ဆောင်ခြင်းခံရသော လူငယ်တစ်ဦးသည် စစ်ကြောရေးတွင် ညှဥ်းပန်းနှိပ်စက်မှုကြောင့် စိုးရိမ်ရသည့် အခြေအနေတွင် ရှိနေသည်။ ယခင်ကတည်းမှ စိုးရိမ်နေကြရသော အရပ်သားများ၏ စိတ်ဖိစီးမှုကို တိုးလာစေသည့် COVID–19 ဖြစ်ပွားမှု မြင့်တက်လာသည့် အရေးအတွက်ကိုလည်း CHRO မှတ်တမ်းတင်ထားသည်။

## ကယားပြည်နယ်

ကယား(ကရင်နီ)ပြည်နယ် ဖရူဆိုမြို့နယ်မှအမျိုးသမီးများ၊ ကလေးငယ်များနှင့် သက်ကြီးရွယ်အိုများ အပါအဝင် စစ်ဘေးရှောင် ၃၀ ကျော်သည်အရှင်လတ်လတ်မီးရှို့သတ်ဖြတ်ခံခဲ့ရသည်။ ကရင်အမျိုးသမီးအစည်းအရုံး KWO နှင့် အရပ်ဘက် အဖွဲ့အစည်းများသည် အာဏာသိမ်းစစ်တပ်၏ ရက်စက်ယုတ်မာသောလုပ်ရပ်များကို ပြင်းပြင်းထန်ထန်ရှုတ်ချခဲ့သည်။ အာဏာသိမ်းစစ်တပ်ပိုင် မီဒီယာများမှ အသတ်ခံရသောအပြစ်မဲ့အရပ်သားများကို အကြမ်းဖက်သမားများ' ဟု လွှမ်းမိုးစွပ်စွဲကာ မြေပြင်တွင် ဖြစ်ပျက်နေသည့်ရက်စက်ကြမ်းကြုတ်မှုများကို ဖုံးကွယ်ရန် လုပ်ကြံထားသည့်နောက်ထပ် လိမ်ညာမှုတစ်ခုလည်း ဖြစ်သည်။

ကယား (ကရင်နီ)ပြည်နယ် လွိုင်ကော်မြို့နယ်၌ ပြီးခဲ့သည့် သီတင်းပတ်အတွင်း တိုက်ပွဲဖြစ်ပွားနောက်နေအိမ် ၂၀ လုံးကို အကြမ်းဖက်စစ်တပ်မှ မီးရှို့ခဲ့သည်ဟု ကရင်နီအမျိုးသာကာကွယ်ရေးတပ်မတော် KNDF တပ်ဖွဲ့ဝင်မှ ပြောကြားခဲ့သည်။ အိုးအိမ်များဆုံးရှုံးခဲ့ရသော အရပ်သားပြည်သူများသည် နေအိမ်များ၊ ပိုင်ဆိုင်မှုများ၊ အစားအသောက်နှင့် ငွေကြေးများကိုလည်း ဆုံးရှုံးခဲ့ရသည်။ ကယား (ကရင်နီ) ပြည်နယ်တွင် ဒေသခံ ၁၅၀,၀၀၀ ကျော်သည် ထွက်ပြေးတိမ်းရှောင်နေရသည်။

## မကွေးတိုင်း

မကွေးတိုင်းဒေသကြီးကို အကြမ်းဖက်စစ်တပ်မှ ဆက်လက်ပစ်မှတ်ထားနေသည်။ မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါမြို့နယ်ရှိ နှမ်းခါးရွာကို လေကြောင်းဖြင့် စီးနင်းတိုက်ခိုက်မှုကြောင့် လူပေါင်း နှစ်ဒါဇင်နီးပါး သေဆုံးခဲ့သည်။ သေဆုံးသူများသည် စစ်သားနှင့် အပြစ်မဲ့အရပ်သားများ ဖြစ်ကြပြီး စာရင်းအတိအကျ အတည်မပြုနိုင်သေးပေ။ အလောင်းများရယူရန် ကြိုးပမ်းသော ဒေသခံများသည်လည်း ပစ်ခတ်ခံခဲ့ရသည်။

တိုက်ပွဲများကြောင့် လူပေါင်းများစွာ ထွက်ပြေးခဲ့ရသည်။ တိုက်ပွဲကို ကြုံတွေ့ခဲ့ရသော မျက်မြင်များ၏ ပြောပြချက်အရ သက်ကြီးရွယ်အိုများသည် လမ်းမလျှောက်နိုင်၊ မပြေးနိုင်သောကြောင့် ချီပိုးကာ ထွက်ပြေးခဲ့ရသည်။

စစ်တပ်၏ ချိုးဖောက်မှုကို ခံရသော ပြည်သူများသည် တရားမျှတမှုရရှိရန် ငြင်းပယ်ခံနေရသည်။ စစ်အာဏာသိမ်းရန် ကြိုးပမ်းမှုကြောင့် နိုင်ငံတဝှမ်းရှိအမျိုးသမီးများသည် လူသားနှင့်ဆိုင်သော လုံခြုံရေးချို့တဲ့မှု၊ နိုင်ငံသားလွတ်လပ်ခွင့် ဆုံးရှုံးမှု စသည့်

ဝန်ထုပ်ဝန်ပိုးများစွာနှင့် ရင်ဆိုင်နေကြရသည်။ လူမျိုးတုံးသတ်ဖြတ်မှုအပါအဝင် မြန်မာစစ်တပ်မှ ကျူးလွန်ခဲ့သော ရာဇဝတ်မှုများစွာအတွက် တာဝန်ခံမှုသည် ကြန့်ကြာနှောင့်နှေးနေသည်။

*KWO ကရင်ပြည်နယ်အတွင်းဆက်လက်ဖြစ်ပွားနေသော အကြမ်းဖက်မှုများနှင့်ပတ်သက်၍ ရှုတ်ချကြောင်း KWO မှထုတ်ပြန်ချက်*



*ဓါတ်ပုံ:  ကရင်ပြည်နယ်တွင်း တိုက်ပွဲများကြောင့် ဘေးကင်းလုံခြုံရေးအတွက် ထိုင်းနိုင်ငံသို့ ထွက်ပြေးတိမ်းရှောင်နေသာ ဒေသခံများ*
*Source: ကရင်အမျိုးသမီးအစည်းအရုံး KWO*

# နေ့စဉ်အလိုက် ဖြစ်ပျက်ခဲ့သော အဖြစ်အပျက်များ

## ဒီဇင်ဘာ ၂၀ ရက်နေ့

စစ်ကောင်စီ၏ အကြမ်းဖက်မှု
များ အရှိန်အဟုန်ဖြင့် အရှိန်မြှင့်
 လုပ်ဆောင်နေခြင်းကို ကုလသမဂ္ဂ
လူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းရေး
ရုံး UNOCHA မှသတိပေး ထုတ်ပြန်ခဲ့
သည်။

## ဒီဇင်ဘာ ၂၁ ရက်နေ့

ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ
 မဟာမင်းကြီးရုံးမှ တိုက်ပွဲများဖြစ်ပွား
နေသော ကရင်ပြည်နယ်မှ ထိုင်း
နိုင်ငံဘက်သို့ ထွက်ပြေးလာသည့်
 မြန်မာဒုက္ခသည်များထံ အရေးပေါ်
 သွားရောက်တွေ့ဆုံခွင့် ပြုရန် ထိုင်း
နိုင်ငံအား တောင်းဆိုလိုက်သည်။

## ဒီဇင်ဘာ ၂၂ ရက်နေ့

နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်
အောင်ဆန်းစုကြည်ကို စကားပြော
စက် တရားမဝင်တင်သွင်းမှုနှင့်
 လက်ဝယ်ပိုင်ဆိုင်မှုဖြင့် စွဲဆိုထား
သောပုဒ်မအတွက် အမိန့်မချဘဲ ရုံး
ချိန်းကို ရွှေ့ဆိုင်းလိုက်သည်။

## ဒီဇင်ဘာ ၂၃ ရက်နေ့

အကြမ်းဖက်စစ်တပ်မှ လေးကော
ကော်မှရွာသားများကို  လေကြောင်း
ဖြင့် ပစ်မှတ်ထား တိုက်ခိုက်မှုများ
ကြောင့် အရပ်သားများ ထပ်မံ၍
အိုးအိမ်စွန့်ခွာ ထွက်ပြေးတိမ်းရှောင်
ခဲ့ရသည်။

# နေ့စဉ်အလိုက် ဖြစ်ပျက်ခဲ့သော အဖြစ်အပျက်များ

## ဒီဇင်ဘာ ၂၄ ရက်နေ့

ကရင်ပြည်နယ်အတွင်း အရပ်သားပြည်သူများ တိုက်ခိုက်ခံရမှုနှင့် စပ်လျဉ်း၍ ရှုတ်ချကြောင်း ဩစတြေးလျ၊ ကနေဒါ၊ မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂသံရုံးနှင့် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၏ သံရုံးများအပြင် နယူးဇီလန်၊ နော်ဝေ၊ ဆွစ်ဇာလန်၊ ယူကေနှင့် အမေရိကန်နိုင်ငံတို့မှ မြန်မာနိုင်ငံဆိုင်ရာသံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများနှင့် သံရုံးအကြီးအကဲများမှ ပူးပေါင်းလက်မှတ်ရေးထိုး ထုတ်ပြန်လိုက်သည်။

## ဒီဇင်ဘာ ၂၅ ရက်နေ့

ကယား (ကရင်နီ)ပြည်နယ် ဖရူဆိုမြို့နယ်တွင် အကြမ်းဖက်စစ်တပ်၏ အကြမ်းဖက်တိုက်ခိုက်မှုကြောင့် အမျိုးသမီးများ၊ ကလေးများအပါအဝင် အရပ်သားပြည်သူ ၃၀ ဦးထက်မနည်း မီးရှို့သတ်ဖြတ်ခံရသည့် ဓါတ်ပုံများ ထွက်ပေါ်လာသည်။

## ဒီဇင်ဘာ ၂၆ ရက်နေ့

အမျိုးသားညီညွတ်ရေးအစိုးရ NUG မှ ခရစ္စမတ်နေ့အကြို ကယား (ကရင်နီ) ပြည်နယ်အတွင်း အစုလိုက်အပြုံလိုက် သတ်ဖြတ်ခံရမှုနှင့်ပတ်သက်ပြီး ဝမ်းနည်းကြောင်း ထုတ်ပြန်ကြေငြာခဲ့သော်လည်း အကြမ်းဖက်စစ်အုပ်စုမှ တိုးမြှင့်ကျူးလွန်နေသော စစ်ရာဇဝတ်မှုများနှင့် လူသားမျိုးနွယ်အပေါ်ကျူးလွန်သည့် ရာဇဝတ်မှုများကို ချက်ခြင်းရပ်တန့်စေရေးအတွက် နိုင်ငံတကာအသိုင်းအဝိုင်းမှ ဝိုင်းဝန်းဆောင်ရွက်ကြပါရန် အလေးထားတောင်းဆိုခဲ့သည်။




လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ)

https://nd-burma.org/

https://twitter.com/NDBurma/

https://facebook.com/theNDBurma